IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၃ – အောက်တိုဘာလ ၂၀၁၁

ရွှေ့ပြောင်းအလုပ်သမားများအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်း နောက်ဆုံးအကြိမ်အား ၂၀၁၁ ခုနှစ် ဩဂုတ်လ အပြီး ဆောင်ရွက်ပေးခဲ့ရာ ရွှေ့ပြောင်းအလုပ်သမားများ စုစုပေါင်း ၁ယ၀၁၁ယ၄၄၃ ဦး (မြန်မာ/ဗမာ ၆၅၇ယ၀၂၄ ဦး၊ လာအို ၁၀၅ယ၃၆၄ ဦးနှင့် ကမ္ဘောဒီးယား ၂၄၉ယ၀၅၅ ဦး) မှတ်ပုံတင် ပြီးစီးခဲ့ပါသည်။ အလုပ်လုပ်ကိုင်ခွင့် လျှောက်လွှာများအား ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့အထိ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အရေးပါသော ပြောင်းလဲတိုးတက်လာမှုတစ်ခုအနေဖြင့် ထိုမှတ်ပုံတင်ထားသည့် ရွှေ့ပြောင်းအလုပ်သမားများ လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်မှုများ (သို့မဟုတ်) နာမကျန်းမှုများ ဖြစ်ပွားခဲ့ပါက ပေးအပ်နိုင်မည့် ပုဂ္ဂလိအာမခံ ရုံပုံငွေတစ်ရပ် အတွက် အသေးစိတ်အချက်အလက်များကို အလုပ်သမားဝန်ကြီးဌာနက ကြေငြာခဲ့ပါသည်။ ယခုအခါ ထိုင်းအစိုးရသည် ရွှေ့ပြောင်းသူများအား နိုင်ငံသားစိစစ်အတည်ပြုခြင်း (ြအေသညရူအေပ ဠနမင်ခအေသေည နိုင်/စစ်) လုပ်ငန်းကို မည်သို့ဆက်လက်လုပ်ဆောင်ရမည်ကို ထိုရွှေ့ပြောင်းသူများ၏ မူရင်း နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းလျက် ရှိပါသည်။

ဤကြေငြာချက်တွင် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံး မူဝါဒပြောင်းလဲတိုးတက်လာမှုများနှင့် ဥပဒေရေးဆွဲနေမှုများအပြင် မှတ်ပုံတင်ပြီး၊ နိုင်/စစ်နှင့် သဘောတူ နားလည်မှုစာချုပ်အရ စေလွှတ်သော ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ နောက်ဆုံးစာရင်းဇယား များကို အသေးစိတ် ဖော်ပြထားပါသည်။

ရွှေ့ပြောင်းလုပ်သားများအတွက် ပုဂ္ဂလိကအာမခံအစီအစဉ်

၂၀၁၁ ခုနှစ် ဇွန်လကုန်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနက ရွှေ့ပြောင်းအလုပ်သမားများအတွက် ပုဂ္ဂလိက အာမခံနှင့်စပ်လျဉ်းသော ကြေငြာချက်နှစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- □ ပုဂ္ဂလိကအာမခံအစီအစဉ်ကို နောက်ဆုံးအကြိမ် မှတ်ပုံတင်ခြင်းလုပ်ငန်းတွင် မှတ်ပုံတင်ပြီးစီးခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများသာ လျှောက်ထားနိုင်သည်။
- □ အလုပ်သမားဝန်ကြီးဌာန၏ ကြေငြာချက်တွင် ပြဋ္ဌာန်းခဲ့သည်မှာ အလုပ်ရှင်တစ်ဦးမှ အာမခံကို မဝယ်ပါက ရွှေ့ပြောင်းအလုပ်သမားတစ်ဦး လုပ်ငန်းခွင်နှင့် ပတ်သက်၍ ထိခိုက်မှုများ/ဖျားနာမှုများ ခံစားရပါက အလုပ်သမားနစ်နာကြေးဥပဒေတွင် ပါရှိသော အကျိုးခံစားခွင့်များနှင့်အညီ လျော်ကြေး ပေးရန်အတွက် အလုပ်ရှင်မှ တာဝန်ယူရမည် ဖြစ်သည်။ ထို့ကြောင့် ကြေငြာချက်တွင် ဆိုလိုသည်မှာ အလုပ်ရှင်များအတွက် ပုဂ္ဂလိကအာမခံဝယ်ယူခြင်းမှာ မိမိတို့သဘောသာ ဖြစ်သည်။
- □ လူမှုဖူလုံရေးရုံးမှ ရွှေ့ပြောင်းလုပ်သားများကို ပေးအပ်သည့်အကျိုးခံစားခွင့်များအား ကြီးကြပ်ခြင်းနှင့် အလုပ်သမားနစ်နာကြေးဥပဒေအရ ပေးလျော်ရမည့်အကျိုးခံစားခွင့်များနှင့်အညီ ဆုံးဖြတ်ရန် သေချာစွာဆောင်ရွက်မည် ဖြစ်သည်။ ဆိုလိုသည်မှာ ရွှေ့ပြောင်းလုပ်သားများအား ဤပုဂ္ဂလိက အာမခံအစီအစဉ်မှ အကျိုးခံစားခွင့်များ အပြည့်အဝရရှိရန် တရားဥပဒေဖြင့် အထူးအာမခံထားသည်။

အလုပ်အကိုင်ခန့်ထားရေးဌာန၏ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့ ရက်စွဲပါ ဖြန့်ဝေစာအရ ဒီပယ ႞(စပေေ) အာမခံကုမ္ပဏီအား အလုပ်ရှင်များကို အာမခံရောင်းချရန် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ အင်တာနက် စာမျက်နှာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

့အအစါ။။တတတ့်ိစပေ‌ေခသ‌ေအ့။ညျကမညေ့ခန။ညျကမညေ့ခန‌ေ့ချစ်ီ=၄၅၁ရငိနြည့က=၃၄၅

ဒီပယ ႞(စပေေ) အာမခံကုမ္ပဏီ

- □ လိပ်စာ။ ၆၃/၂၊ ရာမ ကိုးလမ်း၊ ဟွေ့ခွမ်၊ ဟွေ့ခွမ်၊ ဘန်ကောက် ၁၀၃၁၀။

□ ဖုံး။ ၀၂–၂၄၈–၀၀၅၉၊ လိုင်းခွဲ ၁၂၀၂။
□ ့အအစါ။။တတတို့ငစပေ‌ေခသ‌ေအ့။ငညျကမသေ့ခနံ။သာနနညါ‌ေမျစထ (အင်္ဂလိပ်အင်တာနက်စာမျက်နှာ)

အာမခံဝယ်ယူရန်နည်းလမ်း

□ အာမခံကို ဒီပယအာမခံအင်တာနက်စာမျက်နှာတွင် တိုက်ရိုက်ဝယ်ယူရရှိနိုင်ပါသည်။ အလုပ်ရှင်မှ အွန်လိုင်း (သည–ူငညန) ပုံစံတွင် ဖြည့်စွက်ကာ ငွေပေးချေလွှာအား ပုံနှိပ် ထုတ်ယူရမည်။ ထို့နောက် ငွေပေးချေလွှာကို (ဉာ ၊ငည – အွမ်ဆင်ဘဏ်ဟု အသိများသော) အစိုးရငွေစုဘဏ်သို့ ယူဆောင်လာရပါမည်။
□ ဒီပယအာမခံလုပ်ငန်းအား အလုပ်အကိုင်ခန့်ထားရေးရုံးအချို့တွင် ဖြန့်ခွဲကာ အလုပ်ရှင်များမှ ထိုရုံးများ၌ပင် အာမခံကို ဝယ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးထားပါသည်။

အာမခံထားရှိခြင်း၏ အကျိုးကျေးဇူးများ

□ ၁၉၉၄ ခုနှစ် အလုပ်သမားနစ်နာကြေးအက်ဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း လုပ်ငန်းခွင် နာမကျန်းမှုများ (သို့မဟုတ်) ထိခိုက်မှုများအတွက်ပေးလျော်ခြင်း။
□ သတ်မှတ်ကာလ။ ၂၀၁၁ ခုနှစ် ဖွန်လ ၁၅ ရက်နေ့မှ ၂၀၁၂ခုနှစ် ဖွန်လ ၁၄ ရက်နေ့အထိ (တစ်နှစ်)။ ကုမ္ပဏီမှ ထိုသတ်မှတ်ကာလ တစ်နှစ်တာအတွင်း လုပ်ငန်းခွင်နာမကျန်းမှုများ (သို့) ထိခိုက်မှုများ ဖြစ်ပွားလျှင်။ခဲ့ပါက ကုန်ကျစားရိတ် (သို့) နစ်နာကြေးများကို အလုံးစုံပြန်လည်ပေးလျော်သွားမည် ဖြစ်ပါသည်။
□ အာမခံကြေး။ တစ်နှစ်လျှင် လူတစ်ဦးအတွက် ထိုင်းဘတ်ငွေ ၅၀၀။

<u>**အလုပ်သမားဝန်ကြီးဌာနမှ ရေးဆွဲနေသော ဝန်ကြီးဌာနဆိုင်ရာစည်းမျဉ်းမူကြမ်းမှ သတ်မှတ်မည့် နိုင်ငံခြားသားအလုပ်သမားများ (ထိုင်းလူမျိုးမဟုတ်သူများ) ထိုင်းနိုင်ငံတွင် လာရောက်လုပ်ကိုင်ရန် ခွင့်ပြုမည့် လုပ်ငန်းအမျိုးအစားများ**</u>

၂၀၀၈ခုနှစ် နိုင်ငံခြားသားအလုပ်သမားများ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ အက်ဥပဒေအရ တရားဝင် ရွှေ့ပြောင်းလုပ်သားများ လာရောက်လုပ်ကိုင်ရန် ခွင့်ပြုသော လုပ်ငန်းအမျိုးအစားများ သတ်မှတ်သည့် ဝန်ကြီးဌာနဆိုင်ရာစည်းမျဉ်းမူကြမ်းတစ်ခုကို အလုပ်သမားဝန်ကြီးဌာနမှ ရေးဆွဲလျက် ရှိပါသည်။ စည်းမျဉ်းမူကြမ်းတွင် ရွှေ့ပြောင်းသူအမျိုးအစား (၃) မျိုးအတွက် လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းများသတ်မှတ်မည် ဖြစ်ရာ အသေးစိတ်မှာ မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား သဘောတူနားလည်မှုစာချုပ်အရ စေလွှတ်လုပ်ကိုင်သော ရွှေ့ပြောင်းလုပ်သား၊ ထိုင်းနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ပြုပြီးသော ရွှေ့ပြောင်း လုပ်သားနှင့် အခြားအားလုံးသောတရားဝင်ရွှေ့ပြောင်းလုပ်သားတို့ ဖြစ်ပါသည်။

ဤစည်းမျဉ်းတွင် မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လုပ်ကိုင်သည့် ကျွမ်းကျင်မှုနိမ့်ရွှေ့ပြောင်းလုပ်သားများအား ထည့်သွင်းမသတ်မှတ်ရခြင်းမှာ တရားမဝင်ရွှေ့ပြောင်းလုပ်သားများအား ထိုင်းနိုင်ငံတွင်း ယာယီနေထိုင်လုပ်ကိုင်ခွင့်ပြုပေးရန် ဝန်ကြီးများ အဖွဲ့၏ ဆုံးဖြတ်ချက်လိုအပ်သောကြောင့် ဖြစ်ပါသည်။ ဝန်ကြီးများအဖွဲ့၏ဆုံးဖြတ်ချက်များဖြင့်သာ တရားမဝင် ယာယီနေထိုင်သောရွှေ့ပြောင်းသူများ လုပ်ကိုင်နိုင်မည့် အလုပ်အကိုင်စာရင်းကို ပြုစုပေးနိုင်မည် ဖြစ်ပါသည်။

<u>**နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်မှုရေးရာ အမျိုးသားကော်မတီ၏ အခန်းကဏ္ဍ တိုးချဲ့မှု**</u>

နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်မှုရေးရာ အမျိုးသားကော်မတီသည် ၄င်း၏ အခန်းကဏ္ဍကို မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများမှသာမကဘဲ နိုင်ငံအားလုံးမှ ရွှေ့ပြောင်းအလုပ်သမားများ အတွက် တိုးချဲ့ရန် စဉ်းစားသုံးသပ်လျက် ရှိပါသည်။ ကော်မတီအား ဝန်ကြီးချုပ်ရုံးနှင့် အမျိုးသားလုံခြုံရေး ကောင်စီတို့၏ အာဏာအောက်တွင်သာ စီမံခန့်ခွဲထားရှိမည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံက မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကျွမ်းကျင်မှုနိမ့်ရွှေ့ပြောင်းလုပ်သားများအားအပြင် အခြားနိုင်ငံများမှ လာရောက်သူများကိုလည်း အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ ထုတ်ပေးမည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ကော်မတီ အနေဖြင့် အခြားနိုင်ငံများမှ ကျွမ်းကျင်မှုနိမ့်ရွှေ့ပြောင်းလုပ်သားများ ထိုင်းနိုင်ငံတွင်းသို့ တရားမဝင်လာရောက် ခြင်းကို တားဆီးကာကွယ်ရန် အလေးထားခြင်း ဖြစ်ပါသည်။

ကော်မတီက ပြည်နယ်အဆင့်သို့ လုပ်ပိုင်ခွင့်အာဏာခွဲပေးရန် ဖြစ်နိုင်ချေ ရှိ၊မရှိကိုလည်း လေ့လာလျက် ရှိပါသည်။ ဤအဆိုပြုမှုမှ ပြည်နယ်အုပ်ချုပ်ရေးမှူးများ ဥက္ကဋ္ဌအဖြစ်ပါဝင်သော ပြည်နယ်ဆိုင်ရာကော်မတီများ ဖွင့်လှစ်ပြီး ထိုပြည်နယ်ဆိုင်ရာကော်မတီများမှ ဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများအား အလုပ်အကိုင် ခန့်ထားရန် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပြုချက်အား ဝန်ကြီးများအဖွဲ့မှ အတည် မပြုရသေးပါ။

မြန်မာ/ဗမာအလုပ်သမား ဒု–ဝန်ကြီး နှင့် ထိုင်းအလုပ်သမားဝန်ကြီးတို့ ထိုင်းနိုင်ငံ အတွင်းရှိ မြန်မာ/ဗမာရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေး ဆွေးနွေး

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် မြန်မာအလုပ်သမားဝန်ကြီးဌာန ဒု–ဝန်ကြီး ဦးမြင့်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘန်ကောက်မြို့သို့လာရောက်ပြီး ထိုင်းအလုပ်သမားဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖဒုမ်ချိုင်းစစုမ်စပ် (မြ့ ဏ့ငိသေနာခ့ငေ ႇမျသဂျစေ) နှင့် တွေ့ဆုံခဲ့ပြီး အောက်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ပါသည်–

- မြန်မာ/ဗမာဘက်မှ မှတ်ပုံမတင်ဖြစ်ခဲ့သော (သို့) ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်ခဲ့ကြသော ရွှေ့ပြောင်း အလုပ်သမားများ မှတ်ပုံတင်နိုင်ရန်နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားနိုင်ရန်အတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းကို နောက်ထပ်အသစ်တစ်ကြိမ် ဆောင်ရွက်ပေးရန် ထိုင်းနိုင်ငံအား တောင်းဆိုခဲ့ပါသည်။ မြန်မာ/ဗမာကိုယ်စားလှယ်ဘက်မှ ပြီးခဲ့သော မှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သောအချိန်ကာလမှာ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အား နားလည် သဘောပေါက်နိုင်ရန်နှင့် တရားမဝင် ရွှေ့ပြောင်းလုပ်သားများအား ထိန်းသိမ်းကွပ်ကဲနိုင်ရန်တို့ အတွက် အချိန်တိုတောင်းလွန်းလှကြောင်းနှင့် ထိုင်းနိုင်ငံတွင် မြန်မာ/ဗမာ ရွှေ့ပြောင်း အလုပ်သမား အများအပြား မှတ်ပုံတင်ရန် ကျန်ရှိနေသေးကြောင်း သုံးသပ်ခဲ့ပါသည်။
- မြန်မာ/ဗမာ အလုပ်သမားဝန်ကြီးဌာန ဒု–ဝန်ကြီးက ထိုင်းနိုင်ငံသို့ အလုပ်သမားရေးရာသံမှူး တစ်ဦးစေလွှတ်ကာ ဘန်ကောက်မြို့ရှိ မြန်မာ/ဗမာသံရုံး၌ တွဲဖက်ထားရှိရန် အကြံပြုခဲ့ပါသည်။ အလုပ်သမားရေးရာသံမှူးမှ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေကြသော မြန်မာ/ဗမာရွှေ့ပြောင်း အလုပ်သမားများအား ကူညီစောင့်ရှောက်ရေးနှင့် အကာအကွယ်ပေးရေး၊ ထိုအလုပ်သမားများအနေဖြင့် ထိုင်းအလုပ်သမားဥပဒေအတိုင်း ထိုင်းအလုပ်သမားများနည်းတူ ဆက်ဆံမှုနှင့် ၄င်းတို့၏ ရပိုင်ခွင့်များ ရရှိရေးတို့အတွက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။
- မြန်မာ/ဗမာအလုပ်သမားဝန်ကြီးဌာန ဒု–ဝန်ကြီးက နိုင်/စစ်ဌာန များအား မြန်မာ/ဗမာရွှေ့ပြောင်း အလုပ်သမားများ အများစုနေထိုင်ကြသော ထိုင်းနိုင်ငံ အလယ်ပိုင်း ဒေသများ၊ ဥပမာ–ဘန်ကောက်မြို့တွင်း (သို့မဟုတ်) ၄င်းအနီးဝန်းကျင်နေရာများတွင် ဖွင့်လှစ် ထားရှိခြင်းဖြင့် ရနောင်းမြို့နှင့် မယ်ဆိုင်မြို့ရှိ နိုင်/စစ်ဌာနများသို့ သွားရောက်ကြရမည့် မြန်မာ/ဗမာ ရွှေ့ပြောင်းအလုပ်သမားများအတွက် ခရီးသွားလာစရိတ်များ လျော့ကျစေနိုင်မည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ လုပ်ငန်းအဆင့်များနှင့် အချိန်ကြန့်ကြာမှုလျှော့ချရေးအတွက် အဆိုပါနိုင်/စစ်ဌာနများသို့ မြန်မာ/ဗမာ အစိုးရမှ အဖွဲ့ငါးဖွဲ့စေလွှတ်ပြီး မြန်မာ/ဗမာနှင့် ထိုင်းနိုင်ငံကြား အင်တာနက်သတင်းအချက်အလက် ဝေမျှသုံးစွဲမှုစနစ်တစ်ခု တည်ဆောက်ရန် ဆက်လက်တင်ပြခဲ့ပါသည်။
- မြန်မာ/ဗမာကိုယ်စားလှယ်အဖွဲ့က နိုင်/စစ်လုပ်ငန်းပြီးစီး၍ တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာ/ဗမာအလုပ်သမားများ၏ လူမှုဖူလုံရေးအကူအညီများကို ထိုင်းအလုပ်ရှင်များက တာဝန်ယူပေးစေရန် အလေးထားဆွေးနွေးခဲ့ပါသည်။ ထိုင်းဘက်မှလည်း ထိုတောင်းဆိုချက်ကို အသိအမှတ် ပြုကာ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များအား ထိုင်းဥပဒေ အတိုင်း ရရှိစေရမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။
- မြန်မာ/ဗမာကိုယ်စားလှယ်အဖွဲ့က တင်ပြခဲ့သော အခြားအကြံပြုချက်များမှာ အလုပ်သမားဝန်ကြီး ဌာန၏ ဆုံးဖြတ်နိုင်မှုကို ကျော်လွန်လျက်ရှိသောကြောင့် ၄င်းတို့ကို နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်မှုရေး အမျိုးသားကော်မတီတွင် ပါဝင်သောဌာနများအားလုံး အထူးသဖြင့် အမျိုးသားလုံခြုံရေး ကောင်စီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ဝိုင်းဝန်းဆွေးနွေးရန်လိုအပ်ပြီး သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများအားလုံးမှ ထောက်ခံချက်ရရှိရန် လိုအပ်ပါသည်။

ကိန်းဂဏန်းအချက်အလက်များ

- ၂၀၁၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၁၅ ရက်နေ့ အထိ လုပ်ငန်းရှင်များမှ မှတ်ပုံတင် စာရွက်စာတမ်းများ ပေးပို့ထားသော ရွှေ့ပြောင်း လုပ်သားများအရေအတွက်

နိုင်ငံသားအလိုက်

မြန်မာ/ဗမာ	လာအိုနိုင်ငံသား	ကမ္ဘောဒီးယား
၆၅၇ယ၀၂၄	၁၀၅ယ၃၆၄	၂၄၉ယ၀၅၅



နယ်မြေဒေသအလိုက်

ဘန်ကောက်	၁၇၆ယ၃၇၉
ဘန်ကောက်မြို့တော်	၂၅၀ယ၆၃၃
ထိုင်းနိုင်ငံ အလယ်ပိုင်း	၂၅၄ယ၄၇၅
ထိုင်းနိုင်ငံ မြောက်ပိုင်း	၁၁၆ယ၂၅၄
ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း	၂၄ယ၄၃၆
ထိုင်းနိုင်ငံ တောင်ပိုင်း	၁၈၉ယ၂၇၆



ဂထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးရုံးမှ ရရှိသည့်အချက်အလက်များ ဖြစ်ပါသည်။

- **သဘောတူနားလည်မှုစာချွန်လွှာနှင့်အညီ ၂၀၁၀ အောက်တိုဘာလမှ ၂၀၁၁ ဩဂုတ်လအထိ စုဆောင်းခဲ့သော ရွှေ့ပြောင်းသူစုစုပေါင်း**

နိုင်ငံသား	ထိုင်းနိုင်ငံအတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိခဲ့သည့် ရွှေ့ပြောင်းသူများအရေအတွက်
ကမ္ဘောဒီးယား	၄၄ယ၉၅၃
လာအို	၈ယ၅၃၂
မြန်မာ/ဗမာ	၅ယ၄၂၀
စုစုပေါင်း	၅၈ယ၉၀၅

ဂထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာန၊ နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးရုံးမှ ၂၀၁၁ခုနှစ် ဩဂုတ်လတွင် ကောက်ယူထားသော နောက်ဆုံးရရှိသည့် အချက်အလက်များဖြစ်ပါသည်။

- **၂၀၁၁ ခုနှစ်အတွင်း နိုင်ငံသားစိစစ်အတည်ပြုခြင်း (နိုင်/စစ်) လုပ်ငန်းစဉ် ဆောင်ရွက်မှုအခြေအနေ**

နိုင်ငံသား	၂၀၁၀ခု ဖေဖော်ဝါရီလအတွက် နိုင်/စစ် ပြုလုပ်နိုင်သော ရွှေ့ပြောင်းလုပ်သား အရေအတွက်	၂၀၁၀မတ်လနှင့် ၂၀၁၁ဩဂုတ်လကြား နိုင်/စစ် ပြုလုပ်ပြီးစီးခဲ့သော ရွှေ့ပြောင်းလုပ်သား အရေအတွက်	နိုင်/စစ် မပြုလုပ်ရသေးသော ရွှေ့ပြောင်းလုပ်သား အရေအတွက်
ကမ္ဘောဒီးယားလူမျိုး	၅၆ယ၄၇၉	၂၉ယ၈၇၂	၂၆ယ၆၀၇
လာအိုလူမျိုး	၆၂ယ၇၉၂	၃၄ယ၉၉၉	၂၇ယ၇၉၃
မြန်မာ/ဗမာလူမျိုး	၈၁၂ယ၉၈၄	၄၉၄ယ၉၄၄	၃၁၈ယ၀၄၀
စုစုပေါင်း	၉၃၂ယ၂၅၅	၅၅၉ယ၈၁၅	၃၇၂ယ၄၄၀

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားသား အလုပ်သမားများအုပ်ချုပ်ရေးရုံး၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။
ဂ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် နောက်ဆုံးရရှိသည့် အချက်အလက်များဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲမှ ထုတ်ဝေသည်။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုံး–၀၂–၃၄၃၉၃၉၉ (သို့) န–ာငှေါ် ၁ငါမသေ့အသုနတျူတ္တာငသာ.ငသ့အ. သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို အောက်ပါ အင်တာနက်စာမျက်နှာမှ ဆွဲယူဖတ်ရှုနိုင်ပါသည်။
အအစါ။။၂၀၃.၁၅၅.၅၁.၅၃။ငသာအ္ငှေသြ။ငသိနထ.စ္စ၊သစအငသည=ခသာ×ိသခာသေ့ရအရှ=ိသခ×ိနအင္ဒေျရါငိ= ၅၈ရှုအနာငိ=၄